


VOLUME I, ISSUE 10 10 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကောက်နုတ်ချက် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့၌ လီဆူတိုင်းရင်းသားများနှင့်တွေ့ဆုံ | ၃ |
| ၃ | ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် မြို့ ၁၃ မြို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ် | ၆ |
| ၄ | ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ | ၇ |
| ၅ | ဂျပန်နိုင်ငံနီပွန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin တစ်သန်းပေးအပ်လှူဒါန်း | ၉ |
| ၆ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၀ |
| ၇ | ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက်လက်ခံလျက်ရှိ | ၁၂ |
| ၈ | မြန်မာနိုင်ငံမှ ပြည်ပသို့ နှစ်စဉ်ပျားရည်တန်ချိန် ၄,၀၀၀ ခန့်တင်ပို့လျက်ရှိ | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | ကျောက်ပန်းတောင်းမြို့နယ်၊ သံဘိုရွာရှိ ကျောက်ဖြစ်ရုပ်ကြွင်းများအား ကျောက်ဖြစ်ရုပ်ကြွင်းဝါသနာရှင်၊ ပညာရှင်များလာရောက်လေ့လာနိုင် | ၁၄ |
| ၁၀ | တပ်ကုန်းမြို့၊ မြို့နယ်စည်ပင်သာယာရေးရုံးအရှေ့၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး | ၁၅ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကောက်နုတ်ချက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၄)နှစ်မြောက်**

**ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် (၇၄)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကောက်နုတ်ချက်မှာ–

- မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ၏ ပထမဆုံးအစည်းအဝေးတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ ၁၀ ရက်ကို “ကချင်ပြည်နယ်နေ့”အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ (၇၄)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။
- ကချင်ပြည်နယ်တွင် ဂျိန်ဖော့၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါးစသည့် ကချင်မျိုးနွယ်စုများ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီး စသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားမျိုးနွယ်စုများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုအပါအဝင် လူဦးရေစုစုပေါင်း (၁၇) သိန်းကျော် ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။
- ကချင်ပြည်နယ်သည် အဖိုးတန်သဘာဝသယံဇာတများ ဖြစ်သည့် ရွှေ၊ ကျောက် စိမ်း၊ ပယင်း စသော အဖိုးတန် သယံဇာတများ ပေါများကြွယ်ဝသကဲ့သို့ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများကိုလည်း ပိုင်ဆိုင်ထားသည့်အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာဒေသတစ်ခုလည်းဖြစ်ကြောင်း။
- ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့စရာဖြစ်ပြီး ကချင်ရိုးရာမနောပွဲနှင့် ထောင်ကာအကတို့မှာ ပြည်တွင်းသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသော တိုင်းရင်းသားအမွေအနှစ်များဖြစ်ကြောင်း။
- သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်မချုပ်ငြိမ်းနိုင်သေးသောကြောင့် သဘာဝအလှအပများကို အပြည့်အဝ မခံစားနိုင်သေးသကဲ့သို့ သဘာဝသယံဇာတများကို

လည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်သေးဘဲ ဖြစ်နေရကြောင်း။

- ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ငြိမ်းချမ်းရေး၏အရသာကို သိရှိခံစားခဲ့ကြပြီးဖြစ်သော ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့်တိုင်းရင်းသားတို့သည် ယခုအချိန်တွင်လည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိလိုကြမည်ဟု ယုံကြည်ကြောင်း။
- နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တိုင်းရင်းသားညီနောင်အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်သူများအနေဖြင့် သဘောထားမှန်ကန်ကြပြီး တူညီသောစိတ်ဆန္ဒများရှိရန် လိုအပ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူအားလုံးကလည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားကြစေရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိရှိရှိဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။
- နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုမရှိပါက ဆက်လက်လုပ်ဆောင်ရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့မှာ အလှမ်းဝေးနေဆဲသာ ဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။
- နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ တိုင်းရင်းသား ပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြရန်လိုအပ်ကြောင်း။
- နိုင်ငံနှင့် လူမျိုးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့်မျိုးချစ်စိတ်ဓာတ်ဖြင့် အခိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်း။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကို ဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၏ အန္တရာယ်ကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အလေးထားတိုက်တွန်းကြောင်း။

ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြ၍ ပြည်နယ်အကျိုး၊ ပြည်နယ်သားများ၏အကျိုး၊ နိုင်ငံအကျိုး၊ နိုင်ငံသားများ၏အကျိုးသယ်ပိုးနိုင်သူများ ဖြစ်ကြပါစေကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- ကချင်ပြည်နယ်သည် အဖိုးတန်သဘာဝသယံဇာတများဖြစ်သည့် ရွှေ၊ ကျောက် စိမ်း၊ ပယင်း စသော အဖိုးတန်သယံဇာတများ ပေါများကြွယ်ဝသကဲ့သို့ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများကိုလည်း ပိုင်ဆိုင်ထားသည့်အပြင် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီး စတင်မြစ်ဖျားခံရာဒေသတစ်ခုလည်းဖြစ်ကြောင်း။
- ငြိမ်းချမ်းရေး၏အရသာကို သိရှိခံစားခဲ့ကြပြီးဖြစ်သော ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့သည် ယခုအချိန်တွင်လည်း ငြိမ်းချမ်းရေးကို အလွန်တောင့်တလျက်ရှိကြပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး အမြန်ဆုံးရရှိလိုကြမည်ဟု ယုံကြည်ကြောင်း။
- နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူအားလုံးကလည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားကြစေရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိရှိရှိဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။
- နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ တိုင်းရင်းသား ပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။
- နိုင်ငံနှင့် လူမျိုးနှင့်ပတ်သက်၍ ရေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကြပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် အနိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်း။

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားမြို့၌ လီဆူတိုင်းရင်းသားများနှင့်တွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာနဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဇန်နဝါရီလ ၉ ရက်တွင် မြစ်ကြီးနားမြို့သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မလိခရိပ်သာညှော်ခန်းမဆောင်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများထံ ကချင်ရိုးရာဓား၊ လွယ်အိတ်နှင့် ခေါင်းပေါင်းတို့ကို ဂါဝရပြုပေးအပ်ခဲ့ပါသည်။




**ပြည်ထောင်စုဝန်ကြီးများအား လီဆူရိုးရာ”ဇာဇော်”ကို လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌက ပေးအပ်နေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြစ်ကြီးနားမြို့ လီဆူရိုးရာယဉ်ကျေးမှုကွင်း၌ မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့်တွေ့ဆုံ၍ နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံလီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အတွက် လိုအပ်ချက်များကို တင်ပြခြင်း၊ လီဆူတိုင်းရင်းသားတို့၏ ရိုးရာ'ဇာဇော်'အား ဂါဝရပြုပေးအပ်ခြင်း၊ လီဆူရိုးရာ ကွာချဲအကဖြင့် ကပြဖျော်ဖြေခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့၊ ဧရာဝတီမြစ်ကူးတံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းနေရာ၌ တံတားသစ်တည်ဆောက်နေမှုအခြေအနေများ၊ မြစ်ကြီးနားတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဝန်ထမ်းများအား တွေ့ဆုံအားပေးကာ တက္ကသိုလ်စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၌ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေကူးပြေးလမ်း ၁၀ လမ်းပါ (၅၀ မီတာ၊ ၂၅ မီတာ)ရှိ ရေကူးကန်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြစ်ကြီးနားမြို့ လီဆူရိုးရာယဉ်ကျေးမှုကွင်း၌ မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် တွေ့ဆုံခဲ့။**
- **လီဆူတိုင်းရင်းသားတို့၏ ရိုးရာ'ဇာဇော်'အား ဂါဝရပြုပေးအပ်ခြင်း၊ လီဆူရိုးရာ ကွာချဲအကဖြင့် ကပြဖျော်ဖြေခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကူးတံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးနေမှု




လီဆူတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲကျင်းပနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကူးတံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်း၊ မြစ်ကြီးနားတက္ကသိုလ်နှင့် သီတာရပ်ကွက်ရှိ ရေကူးပြေးလမ်း ၁၀ လမ်းပါ (၅၀ မီတာ၊ ၂၅ မီတာ) ရှိ ရေကူးကန်တည်ဆောက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့။

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် မြို့ ၁၃ မြို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်




ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသည့် မြို့နယ်အလိုက် မြို့ (၁၃) မြို့တွင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇန်နဝါရီလ ၉ ရက်တွင် မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက-

- နိုင်ငံတော်၏အနာဂတ်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံသားတိုင်းကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံနှင့်အဝန်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ခဲ့ခြင်းကြောင့် နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားဖြစ်မှုဆိုင်ရာကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက် ရေးဆွဲဆောင်ရွက်ခဲ့။
- ပန်းခင်းစီမံချက်အပြင် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် e-ID စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။
- ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ ဆော့လော်၊ မိုးကောင်း၊ ရွှေကူ၊ မိုးမောက်၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူး၊ ဆွမ်ပရာဘွမ်နှင့် မံစီ စသည့် မြို့နယ် (၁၃) မြို့နယ်၏ မြို့နယ်ရပ်ကွက်များအားလုံး၌ တစ်အိမ်တက်ဆင်းစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း။

ယခုအခမ်းအနားတွင် အဆိုပါမြို့နယ်(၁၃)မြို့နယ်တို့မှ ဒေသခံပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၅၃၇ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂,၆၉၄ ကတ် ထုတ်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ခဲ့ခြင်းကြောင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး နိုင်ငံသားဖြစ်မှုဆိုင်ရာကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ရေးဆွဲဆောင်ရွက်ခဲ့။**

- **ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဒေသခံပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို မြို့နယ် (၁၃) မြို့နယ်တို့မှ အိမ်ထောင်စုလူဦးရေစာရင်း ၅၃၇ စောင်နှင့် နိုင်ငံစိစစ်ရေးကတ်ပြား ၃၂,၆၉၄ ကတ် ထုတ်ပေးခဲ့။**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**ကော့ကရိတ်မြို့နယ်တွင် ကျောင်းသား/သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပန်းခင်းစီမံချက်အား ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံချက်မှ မဲဆန္ဒရှင် ၃.၈ သန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် “ပန်းခင်း” စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၇-၁-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးပြီးစီးမှု အခြေအနေများမှာ -

| စဉ် | အကြောင်းအရာ | အိမ်ထောင်စုလူဦးရေစာရင်း | | | ကိုင်ဆောင်လက်မှတ် | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ၁၀ နှစ်ပြည့် | | | ၁၈ နှစ်ပြည့် | | | |
| | | တရားဝင် အထစ | M အထစ | ပေါင်း | နိုင် ၃(က) | ဧည့် ၈(က) | ပြု ၁၀(က) | နိုင် ၆(က) | ဧည့် ၄(က) | ပြု ၆(က) | ပေါင်း |
| ၁ | မွေးရာပါနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | ၂၆၉,၁၃၀ | ၁၃,၆၃၁ | ၂၈၂,၇၆၁ | ၂၈၇,၉၄၃ | ၁,၁၃၈,၅၉၀ | ၁,၄၂၆,၅၃၃ | | | | |
| ၂ | ဥပဒေအရနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | ၃,၈၄၄ | | | ၇,၆၅၅ | ၁၃ | ၂၉၇ | ၃၈,၈၇၈ | ၈၂ | ၂,၁၆၆ | ၄၉,၀၉၁ |

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ




ဇေယျာဝတီမြို့နယ်



ဆင်ပေါင်ဝဲမြို့နယ်



နေပြည်တော်ကောင်စီနယ်မြေ



သုံးခွမြို့နယ်

မှတ်ချက်။

**နိုင်၃(က)၊ ဧည့်၈(က)၊ ပြု၁၀(က)** = ၁၀နှစ်ပြည့် နိုင်/ ဧည့်/ပြု

**နိုင်၆(က)၊ ဧည့်၄(က)၊ ပြု၆(က)** = ၁၈နှစ်ပြည့် နိုင်/ဧည့်/ပြု

**တရားဝင် အထစ** = တရားဝင် အိမ်ထောင်စုစာရင်း

**M အထစ** = ရွှေ့ပြောင်း အိမ်ထောင်စုလူဦးရေစာရင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ “ပန်းခင်း”စီမံချက်အောင်မြင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် “ပန်းခင်း” စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၇-၁-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းကတ်ပြား စုစုပေါင်း ၂၈၆,၆၀၅ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (ကိုင်ဆောင်လက်မှတ်) စုစုပေါင်း ၁,၄၇၅,၆၂၄ ခု ထုတ်ပေးခဲ့ပြီးဖြစ်။**

# ဂျပန်နိုင်ငံနီပွန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin တစ်သန်းပေးအပ်လှူဒါန်း







ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း (Nippon Foundation) မှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin Doses နှစ်သန်း ပေးအပ်လှူဒါန်းမည်ဖြစ်ရာ ပထမအသုတ် အနေဖြင့် Doses တစ်သန်း (ခန့်မှန်းတန်ဖိုး ဒေါ်လာ ၁၇ သန်း ကျော်) သည် ဇန်နဝါရီလ ၉ ရက်တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

- အဆိုပါ Doses တစ်သန်းအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံရုံးမှ သံအမတ်ကြီး H.E.Mr. MARUYAMA Ichiro နှင့် နီပွန်ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင် ဒါရိုက်တာတို့ က ဌာနဆိုင်ရာတာဝန်ရှိသူတို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့။
- ဒုတိယအသုတ်ဖြစ်သော ကျန် Doses တစ်သန်းသည် ဇန်နဝါရီလ ၂၃ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်။
- လာမည့် ၂၀၂၂ ခုနှစ်တွင်လည်း ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်ရေးအတွက် သတ်မှတ်ဦးတည်အုပ်စုများ အလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်။
- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာ ကွယ်ဆေးကို ဝယ်ယူခြင်းမှ COVISHIELD ၁၅ ဒသမ ၄ သန်း၊ Sinopharm ၂၆ ဒသမ ၇ သန်း၊ Sinovac ၃ သန်း ဖြင့် စုစုပေါင်း ၄၅ ဒသမ ၁ သန်း၊ လှူဒါန်းမှုမှ COVISHIELD ၂ ဒသမ ၅ သန်း၊ Sinopharm ၃ ဒသမ ၆ သန်း၊ Sinovac ၆ သန်း၊ Covaxin ၂ ဒသမ ၂ သန်း၊ Sputnik-V ၁,၇၀၀ ဖြင့် စုစုပေါင်း ၁၄ ဒသမ ၃ သန်းရရှိခဲ့ရာ စုစုပေါင်း ၅၉ ဒသမ ၄ သန်းခန့် ရရှိခဲ့ပြီးဖြစ်ပါ သည်။

မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံနိုင်ရေးအတွက် သတ် မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်း နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှု ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာန က တိုက်တွန်းနှိုးဆော်ထားပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covaxin Doses နှစ်သန်း ပေးအပ် လှူဒါန်းမည်ဖြစ်ရာ ပထမအသုတ်အနေဖြင့် Doses တစ်သန်းရောက်ရှိခဲ့ပြီးဖြစ်။**
- **ဒုတိယအသုတ်ဖြစ်သော ကျန် Doses တစ်သန်းသည် ဇန်နဝါရီလ ၂၃ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်။**
- **၁၀-၁-၂၀၂၂ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအား ဝယ်ယူမှုမှ ၄၅ ဒသမ ၁ သန်းနှင့် လှူဒါန်းမှုမှ ၁၄ ဒသမ ၃ သန်းရရှိခဲ့ရာ စုစုပေါင်း ၅၉ ဒသမ ၄ သန်း လက်ခံရရှိခဲ့ပြီးဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



မင်းဘူးစကုမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက်ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးခြင်းများကို ဆောင်ရွက်လျက် ရှိရာ ဇန်နဝါရီလ ၉ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၄,၄၅၁ ဦးအားလည်းကောင်း၊ ပထမအကြိမ် အဖြစ် ပြည်သူစုစုပေါင်း ၂၉,၀၇၀ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၉ ရက်တွင် ဒုတိယ အကြိမ်အဖြစ် ၃,၁၆၁ ဦးအားလည်းကောင်း၊ ပထမအကြိမ် အဖြစ် ၄၁၄ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံ ပေးခဲ့ပြီး ဇန်နဝါရီလ ၉ ရက်အထိ ကျောင်းသား/သူစုစု ပေါင်း ၁,၅၁၁,၄၇၁ ဦးကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နှင့် ပေါက်တောမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေကြသည့် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သတ်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခြင်း၊ (Quarantine Center) များ၊ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇန်နဝါရီလ ၉ ရက်အထိ လူဦးရေစုစုပေါင်း ၂၁ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၁၆ ဒသမ ၆ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၄ ဒသမ ၄ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၃၇ ဒသမ ၆ သန်း ထိုးနှံပြီးဖြစ်။




ကျောက်ဖြူမြို့နှင့် ပေါက်တောမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ကျောက်တစ်လုံး IDPs စခန်းတို့ရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ပြည်ပမှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ တင်သွင်းနေမှု

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ ဇန်နဝါရီလ ၉ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၈၂၂ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၇ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၅၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၉-၁-၂၀၂၂ ရက် အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၁၃၁,၇၇၆ ခု အား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၂,၀၆၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၉၁ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၉ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၄,၄၅၁ ဦးအားလည်းကောင်း၊ ပထမအကြိမ် အဖြစ် ပြည်သူစုစုပေါင်း ၂၉,၀၇၀ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **၉-၁-၂၀၂၂ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၅၁၁,၄၇၁ ဦးကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နှင့် ပေါက်တောမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေကြသည့် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ။**
- **၉-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၁၃၁,၇၇၆ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၂,၀၆၂ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၂၉၁ ဦးဖြစ်ပြီး ၉-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၅၅ ရာခိုင်နှုန်းရှိ။**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် စနစ်တကျ ဆက်လက်လက်ခံလျက်ရှိ




ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီလ ၃ ရက်မှ ၉ ရက်အထိ-

- ကချင်ပြည်နယ်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁၇၆ ဦး။
- ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၂၂၁ ဦး။
- ရှမ်းပြည်နယ် မူဆယ်နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်တို့မှ ပြန်လည်ဝင်ရောက်လာသူ ၁,၀၁၄ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့။
- ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်း၊ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များ ဆောင်ရွက်ပေးခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးလျက် ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၉-၁-၂၀၂၂ ရက်အထိ ၆၀,၀၇၉ ဦး ပြန်လည်ဝင်ရောက်လာခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **ဇန်နဝါရီလ ၃ ရက်မှ ၉ ရက်အထိ ပြည်ပနိုင်ငံများမှ နေရပ်ပြန်သူစုစုပေါင်း ၁,၄၁၁ ဦးတို့သည် လွယ်ဂျယ်၊ ကန်ပိုက်တီ၊ မြဝတီ၊ မူဆယ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် အခက်အခဲဖြစ်နေသော မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၉-၁-၂၀၂၂ ရက်အထိ ၆၀,၀၇၉ ဦး ပြန်လည်ဝင်ရောက်လာခဲ့။**

# မြန်မာနိုင်ငံမှ ပြည်ပသို့ နှစ်စဉ်ပျားရည်တန်ချိန် ၄,၀၀၀ ခန့်တင်ပို့လျက်ရှိ






မြန်မာနိုင်ငံတွင် သဘာဝသစ်တောသယံဇာတ ပေါကြွယ်ဝ၍ ကျန်းမာသော ပျားများစွာ ကျက်စားမှုဖြင့် အော်ဂဲနစ်ပျားရည် ထုတ်လုပ်ရောင်းချနိုင်သော အလားအလာကောင်းများရှိရာ ပြည်တွင်းစားသုံးရန် နှစ်စဉ်ပျားရည်တန်ချိန် ၂,၀၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး ပြည်ပသို့ တန်ချိန် ၄,၀၀၀ ခန့်တင်ပို့လျက်ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဌာနအောက်ရှိ ပျားမွေးမြူရေးဌာနနှင့် တောင်ပေါ်၊ မြေပြန့်ပျားမွေးမြူသူတောင်သူတို့ နှစ်စဉ် ပျားရည်ထုတ်လုပ်မှုမှ ပြည်ပနိုင်ငံများသို့ ပျားရည် တင်ပို့လျက်ရှိပြီး တစ်ပိုင်တစ်နိုင် ပျားမွေးမြူခြင်းမှ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ ရရှိလျက်ရှိပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ၉ ခုရှိ မြို့နယ်ပေါင်း ၃၁ မြို့နယ်မှလည်း နှစ်စဉ်ပျားရည်ထုတ်လုပ်လျက်ရှိရာ ပျားမွေးမြူရေးဌာနအနေဖြင့် စိုက်ပျိုးသီးနှံဧက ၁၅ သိန်းအား ဝတ်မှုန်ကူးပြောင်းလဲပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

အာဆီယံနိုင်ငံတို့တွင် ဗီယက်နမ်၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ပျားရည်အများဆုံးထုတ်လုပ်လျက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော မြန်မာနိုင်ငံအနေဖြင့် ပျားရည်ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၁၉၇၉ ခုနှစ်မှစ၍ ပျားမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ပြည်ပသို့ ပျားရည်စတင်ပို့ဆောင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **ပြည်တွင်းစားသုံးရန် နှစ်စဉ် ပျားရည်တန်ချိန် ၂,၀၀၀ ခန့် ထုတ်လုပ်လျက်ရှိပြီး ပြည်ပသို့ တန်ချိန် ၄,၀၀၀ ခန့် တင်ပို့လျက်ရှိ။**
- **တိုင်းဒေသကြီးနှင့်ပြည်နယ် ၉ ခုရှိ မြို့နယ်ပေါင်း ၃၁ မြို့နယ်မှလည်း နှစ်စဉ် ပျားရည်ထုတ်လုပ်လျက်ရှိရာ ပျားမွေးမြူရေးဌာနအနေဖြင့် စိုက်ပျိုးသီးနှံဧက ၁၅ သိန်းအား ဝတ်မှုန်ကူးပြောင်းလဲပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိ။**
- **မြန်မာနိုင်ငံတွင် ၁၉၇၉ ခုနှစ်မှစ၍ ပျားမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ပြည်ပသို့ ပျားရည်စတင်ပို့ဆောင်ခဲ့။**

# ကျောက်ပန်းတောင်းမြို့နယ်၊ သံဘိုရွာရှိ ကျောက်ဖြစ်ရုပ်ကြွင်းများအား ကျောက်ဖြစ်ရုပ်ကြွင်းဝါသနာရှင်၊ ပညာရှင်များလာရောက်လေ့လာနိုင်



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ သံဘိုချောင်းဖျားကျေးရွာ၊ သံဘိုအလယ်ရွာနှင့် သံဘိုရွာသစ်တို့တွင် နှစ်သက်တမ်းများစွာက တည်ရှိခဲ့သည့် ကြီးမားသော အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းနှင့် သံချက်ဖိုများအား ရပ်ရွာအခြေပြု ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်ရန် ဟော်တယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါဒေသတွင် လေ့လာတွေ့ရှိချက်များအရ-

- တူးဖော်တွေ့ရှိထားသည့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းကျောက်ကြီးသည် မြေအနက် ၁၇ ပေခန့်တွင် အလျား ၇၄ ပေ၊ လုံးပတ် ၆ ပေ ၇ လက်မခန့်ရှိပြီး ဆက်လက်တူးဖော်ရန် ကျန်ရှိနေကြောင်း။
- ရှေးဟောင်း ကျောက်ဖြစ်ရုပ်ကြွင်း ပရိုင်းမိတ်ဟုယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်း အမျိုးအမည် ၁၀၀ ခန့် စုစည်းထားရှိထားသော်လည်း ၇ မျိုးသာ သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း။
- ပုံတောင်ပရိုင်းမိတ်နှင့်တူသော နှစ်သန်းပေါင်း ၄,၀၀၀ ကျော်ခန့်ရှိ လူသားမျိုးနွယ်အစဟု ယူဆရသည့် ပုံစံတူ အမျိုးအမည်မသိ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း ထပ်မံတွေ့ရှိခဲ့ကြောင်း။
- သံဘိုကျေးရွာသည် ပုပ္ပါးတောင်မကြီး ကိုးကွေ့သစ်တောကြိုးဝိုင်းနှင့် ကပ်လျက်တည်ရှိကာ အင်ကြင်းကျောက် များစွာထွက်ရှိကြောင်း။
- သံဘိုချောင်းဖျားကျေးရွာ အရှေ့ဘက်မန်ကျည်းတောအတွင်း ပုဂံမင်းအဆက်ဆက်အား လက်နက်ဆက်သရသည့် သံချက်ဖိုအမြောက်အမြားရှိနေသေးပြီး သံချေးခဲများကို သံချက်ဖိုများအနီး တွေ့ရှိခဲ့ကြောင်း။
- သံဘိုချောင်းဖျားကျေးရွာသည် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများကို တိုင်းရင်းဆေး ထုတ်လုပ်ရောင်းချသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။

ကျောက်ဖြစ်ရုပ်ကြွင်းဝါသနာရှင်၊ ပညာရှင်များအနေဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းများရှိရာ ကျောက်ပန်းတောင်းမြို့နယ် သံဘိုကျေးရွာသို့ လာရောက်လေ့လာလိုပါက ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံဌာနခွဲသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**



တူးဖော်ရရှိခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်း မှတ်တမ်းဓာတ်ပုံများ

- တူးဖော်တွေ့ရှိထားသည့် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းကျောက်ကြီးသည် မြေအနက် ၁၇ ပေခန့်တွင် အလျား ၇၄ ပေ၊ လုံးပတ် ၆ ပေ ၇ လက်မခန့်ရှိပြီး ဆက်လက်တူးဖော်ရန် ကျန်ရှိ။
- ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်း ပရိုင်းမိတ်ဟုယူဆရသည့် ကျောက်ဖြစ်ရုပ်ကြွင်း အမျိုးအမည် ၁၀၀ ခန့် စုစည်းထားရှိထားသော်လည်း ၇ မျိုးသာ သတ္တဝါတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်။
- ပုံတောင်ပရိုင်းမိတ်နှင့်တူသော နှစ်သန်းပေါင်း ၄,၀၀၀ ကျော်ခန့်ရှိ လူသားမျိုးနွယ်အစဟု ယူဆရသည့် ပုံစံတူ အမျိုးအမည်မသိ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း ထပ်မံတွေ့ရှိခဲ့။
- သံဘိုကျေးရွာသည် ပုပ္ပါးတောင်မကြီး ကိုးကွေ့သစ်တောကြိုးဝိုင်းနှင့် ကပ်လျက်တည်ရှိကာ အင်ကြင်းကျောက်များစွာ ထွက်ရှိကြောင်း။
- သံဘိုချောင်းဖျားကျေးရွာ အရှေ့ဘက်မန်ကျည်းတောအတွင်း ပုဂံမင်းအဆက်ဆက်အား လက်နက်ဆက်သရသည့် သံချက်ဖိုအမြောက်အမြားရှိနေသေးပြီး သံချေးခဲများ၊ သံချက်ဖိုများ တွေ့ရှိ။

## တပ်ကုန်းမြို့၊ မြို့နယ်စည်ပင်သာယာရေးရုံးအရှေ့၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး

ဇန်နဝါရီလ ၉ ရက်တွင် တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးအရှေ့၌ ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာတွင် အဆိုပါစည်ပင်ရုံးအရှေ့နှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီး (လမ်းဟောင်း) အကြားတွင် အမျိုးသားတစ်ဦးအား ၎င်း၏လက်နှစ်ဖက်ရှိ လက်ချောင်းများပြတ်ကာ မျက်နှာ၌ မိုင်းစထိမှန်ဒဏ်ရာများဖြင့် တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းအားဆေးကုသမှုခံယူနိုင်ရေး တပ်ကုန်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စည်ပင်ရုံးပတ်ဝန်းကျင်အား လိုက်လံစစ်ဆေးခဲ့ရာ စည်ပင်ရုံးဝင်ပေါက်ယာဘက်ခြမ်းပန်းခြံအတွင်းမှ ကီးပက်ဖုန်း ၁ လုံး၊ ဓါတ်ခဲ ၃ လုံး၊ ဒီတိုနေတာ ၁ ခု၊ အားမြှင့်ယမ်းကြိုး ၁ ချောင်းတို့ဖြင့် ချိတ်ဆက်ထားပြီး PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ရီမုမိုင်းတစ်လုံးအား ထောင်ထားသည်ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ပါသည်။

NUG အကြမ်းဖက်အဖွဲ့၏ လက်အောက်ခံအကြမ်းဖက်သမားများက အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ လေ့လာစူးစမ်းလိုစိတ်ကို အခွင့်ကောင်းယူ၍ ခံယူချက်လွဲမှားနေသော လူငယ်များအား အကြမ်းဖက်ဖောက်ခွဲရေးနည်းလမ်းများ၊ လက်လုပ်မိုင်းပြုလုပ်ပုံများကို ရက်တိုသင်တန်းပေးခြင်း၊ online မှ သင်ကြားပေးခြင်းများ ပြုလုပ်စေခိုင်းခဲ့သဖြင့် လက်လုပ်မိုင်းတပ်ဆင်ရာတွင် ကျွမ်းကျင်မှုမရှိသည့် အကြမ်းဖက်သမားများသည် ယခုဖြစ်စဉ်အပါအဝင် လက်လုပ်မိုင်းတပ်ဆင်နေစဉ်



သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ






ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် တပ်ကုန်းမြို့၊ မြို့နယ်စည်ပင်သာယာရေးရုံးနှင့် သေဆုံးခဲ့သည့် အကြမ်းဖက်သမား

ပေါက်ကွဲမှု (၂၇) ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံး ၂၈ ဦး၊ ဒဏ်ရာရ ၂၅ ဦးရှိကြောင်း တွေ့ရှိရပါသည်။

မြို့နယ်စည်ပင်ရုံးအား လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားပြီး သေဆုံးခဲ့သည့် အကြမ်းဖက်သမားနှင့် ပတ်သက်၍ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားရှိပြီး ဖြစ်စဉ်တွင် ပူးပေါင်းပတ်သက်သူများအား ဖော်ထုတ်အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၁-၂၀၂၂)**

- **တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံးအရှေ့နှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီး (လမ်းဟောင်း) အကြားတွင် အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့။**
- **လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စည်ပင်ရုံးဝင်ပေါက်ယာဘက်ခြမ်း ပန်းခြံအတွင်းမှ ကီးပက်ဖုန်း ၁ လုံး၊ ဓါတ်ခဲ ၃ လုံး၊ ဒီတိုနေတာ ၁ ခု၊ အားမြင့်ယမ်းကြိုး ၁ ချောင်းတို့ဖြင့် ချိတ်ဆက်ထားပြီး PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ရီမုမိုင်းတစ်လုံးအား ထောင်ထားသည်ကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့။**
- **NUG အကြမ်းဖက်အဖွဲ့၏ လက်အောက်ခံအကြမ်းဖက်သမားများက အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ လေ့လာစူးစမ်းလိုစိတ်ကို အခွင့်ကောင်းယူ၍ ခံယူချက်လွဲမှားနေသောလူငယ်များအား အကြမ်းဖက်ဖောက်ခွဲရေးနည်းလမ်းများ၊ လက်လုပ်မိုင်းပြုလုပ်ပုံများကို ရက်တိုသင်တန်းပေးခြင်း၊ online မှ သင်ကြားပေးခြင်းများ ပြုလုပ်စေနိုင်းခဲ့သဖြင့် လက်လုပ်မိုင်းထောင်ရာတွင် ကျွမ်းကျင်မှုမရှိသည့် အကြမ်းဖက်သမားများသည် ယခုဖြစ်စဉ်အပါအဝင် လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှု (၂၇) ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံး ၂၈ ဦး၊ ဒဏ်ရာရ ၂၅ ဦးရှိကြောင်း တွေ့ရှိရ။**